**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/ NM/ ၀၁၁/၂၀၂၂
ရက်စွဲ၊၂၀၂၂ခုနှစ်၊ မတ်လ ၁၉ ရက်

အကြောင်းအရာ။ **ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်ကိစ္စ။**

ရည် ညွှန်း ချက် ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ( ၁၉-၃-၂၀၂၂) ရက်စွဲပါစာအမှတ်၊ပဆ-(၂)/မလ(DMH)ထွေ(၃/၁၇၃)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍(၁၉-၃-၂၀၂၂)ရက်နေ့၊ မြန်မာစံတော်ချိန် (၁၂ :၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့်ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်း ( Well Marked Low Pressure Area) သည် ပိုမိုအားကောင်းလာနိုင်ပြီး၊ မြောက်-အရှေ့မြောက်ဘက်သို့ဆက်လက်ရွေ့လျားကာ နောက်(၂၄) နာရီအတွင်း ကပ္ပလီပင်လယ်ပြင်၊ နီကိုးဘားကျွန်းနှင့် ကိုကိုးကျွန်းတို့အနီးတွင် မုန်တိုင်းငယ် (Depression)အဖြစ်သို့လည်းကောင်း၊ နောက်(၄၈)နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း ( Cyclonic Storm) အဖြစ်သို့လည်းကောင်း အားကောင်းလာနိုင်သည်ဟုခန့်မှန်းထားပြီး အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ် ရောက်ရှိပြီးနောက် (၂၀-၃-၂၀၂၂)ရက်နေ့၌ မြန်မာနိုင်ငံ၊ ကိုကိုးကျွန်း အနီးသို့လည်းကောင်း၊ (၂၁-၃-၂၀၂၂)ရက်နေ့၌ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းအနီးသို့လည်းကောင်း၊ (၂၂-၃-၂၀၂၂)ရက်နေ့၌ ရခိုင်ကမ်းရိုးတန်းသို့လည်းကောင်းရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

၂။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် (၁၉-၃-၂၀၂၂) ရက်နေ့၊ နေ့လည်မှ (၂၂-၃-၂၀၂၂)ရက်နေ့အတွင်း မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများနှင့် စက်တပ်သမ္ဗာန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် ရေကြောင်းသတိပေးချက်(Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)